# ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

## ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၀ ။ )

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

(၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေတွင်-

(က) ပုဒ်မ ၁၊ပုဒ်မခွဲ (၂) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၂) ဤဥပဒေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် အာဏာတည်စေရမည့်အပြင် အလုပ်အမျိုးအစား၊ လုပ်ငန်းအမျိုးအစား၊ အလုပ်ဌာနအမျိုးအစား အားလုံးနှင့် သက်ဆိုင်စေရမည်။"

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၂) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၂) **ခွင့်ရက်** ဆိုရာတွင် လုပ်သက်ခွင့်ရက်၊ ရှောင်တခင်ခွင့်ရက်၊ ဆေးလက်မှတ်ခွင့်ရက်နှင့် မီးဖွားခွင့်ရက်တို့ ပါဝင်သည်။"

(ဂ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၄) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၄) **အလုပ်သမား**ဆိုသည်မှာ နေ့စားအလုပ်သမား၊ ယာယီအလုပ်သမားနှင့် အမြဲတမ်းအလုပ်သမားအပါအဝင် စီးပွားရေးလုပ်ငန်းတစ်ခုတွင် ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းအတွက် ဖြစ်စေ မိမိ၏လုပ်အားအပေါ် အားကိုးအားထားပြုလုပ်ကိုင်နေသူကိုဆိုလိုသည်။ သို့ရာတွင် အောက်ပါတို့မပါဝင်ချေ"

(က) ကိုယ်ပိုင်အလုပ်၊ ကိုယ်ပိုင်စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း သို့မဟုတ် ကိုယ်ပိုင်အလုပ်ဌာနလုပ်နေသည့် အလုပ်ရှင်ဖြစ်လျှင် ထိုအလုပ်ရှင်၏ မိဘ၊ ခင်ပွန်း၊ ဇနီး၊ သားသမီး၊ ညီအစ်ကို (အရင်း)၊ ညီအစ်မ (အရင်း)နှင့် မောင်နှမအရင်းများ၊

(ခ) အလုပ်ကဖြစ်စေ၊ စက်မှုလက်မှုလုပ်ငန်းကဖြစ်စေ သို့မဟုတ် စီးပွားရေးလုပ်ငန်းကဖြစ်စေ၊ အလုပ်ဌာနကဖြစ်စေရရှိသော အမြတ်အစွန်းထဲမှ အခကြေးငွေကို မိမိ၏ဝေစုအဖြစ်ဖြင့်ရရှိသူများ၊

(ဂ) ထမင်းချက်၊ အိမ်သန့်ရှင်းရေး၊ ကလေးထိန်းနှင့်အစောင့်၊

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အကြောင်းအားလျော်စွာ အခကြေးငွေနှင့် သော်လည်းကောင်း၊ လစာငွေနှင့် သော်လည်းကောင်းပေးရန်ပြဋ္ဌာန်းထားသည့် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်များရရှိသော နိုင်ငံ့ဝန်ထမ်းများ၊"

(ဃ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၇) ၌ပါရှိသော "မှတ်ပုံဝင်ဆရာဝန်"ဆိုသည့် စကားရပ်ကို"မှတ်ပုံတင်ဆရာဝန်"ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊"မြန်မာနိုင်ငံဘယဆေးဆိုင်ရာအက်ဥပဒေ"ဆိုသည့် စကားရပ်ကို "မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေ"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "တည်ဆဲတရားဥပဒေ တစ်ရပ်ရပ်"ဆိုသည့် စကားရပ်ကို "တည်ဆဲဥပဒေတစ်ရပ်ရပ်"ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "နိုင်ငံတော်သမ္မတ"ဆိုသည့် စကားရပ်ကို "ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည်။

(င) ပုဒ်မ ၂၊ ပုဒ်မခွဲ (၈) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(၈) **အလုပ်ပိတ်ရက်** ဆိုသည်မှာ ရက်သတ္တပတ်အလုပ်ပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်တို့ကိုဆိုသည်။"

၃။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲ(၂) နှင့် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (၁) တို့၌ ပါရှိသော "အများအလုပ်ပိတ်ရက်" ဆိုသည့် စကားရပ်ကို "အများပြည်သူအလုပ်ပိတ်ရက်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(၁) ၌ပါရှိသော "ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ အစိုးရရုံးများအတွက် ရုံးပိတ်ရက်များ"ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့ကအမိန့်ကြော်ငြာစာဖြင့် နှစ်စဉ်ထုတ်ပြန်ကြေညာသည့် အများပြည်သူအလုပ်ပိတ်ရက်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(၃)၏ နောက်တွင် ပုဒ်မခွဲ(၄)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(၄) အလုပ်ရှင်သည် အလုပ်သမားများအတွက် ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံးတစ်ရက်ကို အခကြေးငွေ သို့မဟုတ် လစာငွေအပြည့်ဖြင့် အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်၍ ခွင့်ပြုပေးရမည်။"

၆။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(၂) ၌ ပါရှိသော "မှတ်ပုံဝင်ဆရာဝန်"ဆိုသည့် စကားရပ်ကို "မှတ်ပုံတင်ဆရာဝန်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (၃)ကို ပယ်ဖျက်ရမည်။

၈။ ၁၉၅၁ ခုနှစ်၊ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၇ ၏နောက်တွင် ပုဒ်မ ၇-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၇-က။ ကိုယ်ဝန်ဆောင်အမျိုးသမီးအလုပ်သမားများအားမီးမဖွားမီရက်သတ္တပတ်ခြောက်ပတ်နှင့်မီးဖွားပြီး ရက်သတ္တပတ်ရှစ်ပတ်ကို သက်ဆိုင်ရာအခကြေးငွေနှင့်ဖြစ်စေ၊ လစာငွေနှင့်ဖြစ်စေ မီးဖွားခွင့်ရက်အဖြစ်ဖြင့် ခွင့်ပြုရမည်။ မီးဖွားခွင့်ရက်ကို ဆေးလက်မှတ်ခွင့်ရက်နှင့် ဆက်စပ်ခံစားခွင့်ပြုနိုင်သည်။"

၉။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ၁၂၊ ပုဒ်မခွဲ (၂)၌ ပါရှိသော"နိုင်ငံတော်သမ္မတ"ဆိုသည့်စကားရပ်ကို "အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး"ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၁၀။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေပုဒ်မ၁၃ ၌ ပါရှိသော "နိုင်ငံတော်သမ္မတသည်"ဆိုသည့်စကားရပ်ကို "အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်"ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၁၁။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၁၇ ကို ပယ်ဖျက်ရမည်။

၁၂။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ ၁၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည်-

(က) လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။"

၁၃။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ(၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၈) ပါ ဇယားကိုပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**